ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော်
# (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# ဆုံးဖြတ်ချက်များ

---

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်မှ

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်အထိ

( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ

၂၀၂၀ ခုနှစ်၊ မတ်လ ၂၅ ရက်အထိ)

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဆုံးဖြတ်ခြင်း** | |
| ဆုံးဖြတ်ခြင်း အမှတ် ၁-၁၅/၂၀၂၀။ | ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ဆုံးဖြတ်ခြင်း | ၁ |
| ဆုံးဖြတ်ခြင်း အမှတ် ၂-၁၅/၂၀၂၀။ | ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ဆုံးဖြတ်ခြင်း | ၂ |
| ဆုံးဖြတ်ခြင်း အမှတ် ၃-၁၅/၂၀၂၀။ | အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း | ၂ |
| ဆုံးဖြတ်ခြင်း အမှတ် ၄-၁၅/၂၀၂၀။ | ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း | ၃ |
| ဆုံးဖြတ်ခြင်း အမှတ် ၅-၁၅/၂၀၂၀။ | မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ နှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း | ၃ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဆုံးဖြတ်ခြင်း အမှတ် ၆–၁၅/၂၀၂၀။ | ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်နှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း | ၄ |
| ဆုံးဖြတ်ခြင်း အမှတ် ၇–၁၅/၂၀၂၀။ | တရားလွှတ်တော် ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်နှင့်ပတ်သက်ပြီးဥပဒေကြမ်းကော်မတီ က ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း | ၄ |
| ဆုံးဖြတ်ခြင်း အမှတ် ၈–၁၅/၂၀၂၀။ | ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း | ၅ |
| ဆုံးဖြတ်ခြင်း အမှတ် ၉–၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း | ၅ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဆုံးဖြတ်ခြင်း အမှတ် ၁၀-၁၅/၂၀၂၀။ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဥ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း | ၆ |
| ဆုံးဖြတ်ခြင်း အမှတ် ၁၁-၁၅/၂၀၂၀။ | မြန်မာနိုင်ငံတွင် နှစ်စဉ် ဓာတ်ဆီတန်ချိန် (၂)သန်းကျော်ကို ပြည်ပမှ တင်သွင်းခဲ့ရာ ယင်းဓာတ်ဆီနှင့် ရောသုံးသည့် အီသနော လောင်စာဆီကို ပြည်တွင်း၊ အရက်ချက်စက်ရုံများမှ ပြောင်း၊ ဆန် စသည့် ကုန်ကြမ်းများကို အခြေခံကာ ထုတ်လုပ်နိုင်ပြီး၊ ဘေးထွက်ပစ္စည်းများမှလည်း တိရစ္ဆာန်အစာများနှင့် ဇီဝဓာတ်ငွေ့၊ ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ (Trade deficit)ကို လျော့နည်းစေရန်အတွက် သဘာဝပတ်ဝန်းကျင် အထောက်အကူပြု၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သော အီသနော(ခေါ်)ရေမဲ့အရက်ကို သင့်တော်မည့် ရာခိုင်နှုန်း အချိုးအဆအား ဓာတ်ဆီဖြင့်ရောနှောသုံးနိုင်ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့် အမိန့်ထုတ်ပြန်ပေးခြင်း (Mandate)ကို ပြည်ထောင်စု အစိုးရမှအမြန်ဆုံး စီစဉ်ချမှတ် ဆောင်ရွက်သင့်ပါကြောင်း အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်ခြင်း | ၆ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အတည်ပြုခြင်း** | |
| အတည်ပြုခြင်း အမှတ် ၁-၁၅/၂၀၂၀။ | ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုခြင်း | ၈ |
| အတည်ပြုခြင်း အမှတ် ၂-၁၅/၂၀၂၀။ | ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေကြမ်းကို အတည်ပြုခြင်း | ၈ |
| အတည်ပြုခြင်း အမှတ် ၃-၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီနှင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတို့တွင် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုခြင်း | ၉ |
| အတည်ပြုခြင်း အမှတ် ၄-၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့် ဖြည့်စွက်ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသည့် တင်ပြချက်ကို အတည်ပြုခြင်း | ၉ |
| အတည်ပြုခြင်း အမှတ် ၅-၁၅/၂၀၂၀။ | ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို အတည်ပြုခြင်း | ၁၀ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| အတည်ပြုခြင်း အမှတ် ၆-၁၅/၂၀၂၀။ | ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ အတည်ပြုခြင်း | ၁၀ |
| အတည်ပြုခြင်း အမှတ် ၇-၁၅/၂၀၂၀။ | ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ အတည်ပြုခြင်း | ၁၁ |
| အတည်ပြုခြင်း အမှတ် ၈-၁၅/၂၀၂၀။ | ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများနှင့် စပ်လျဉ်း၍ အတည်ပြုခြင်း | ၁၁ |
| အတည်ပြုခြင်း အမှတ် ၉-၁၅/၂၀၂၀။ | ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှု ဥပဒေကြမ်းကို အတည်ပြုခြင်း | ၁၁ |
| အတည်ပြုခြင်း အမှတ် ၁၀-၁၅/၂၀၂၀။ | မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို အတည်ပြုခြင်း | ၁၂ |
| အတည်ပြုခြင်း အမှတ် ၁၁-၁၅/၂၀၂၀။ | ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားလွှတ်တော် ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ အတည်ပြုခြင်း | ၁၂ |
| အတည်ပြုခြင်း အမှတ် ၁၂-၁၅/၂၀၂၀။ | ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို အတည်ပြုခြင်း | ၁၃ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| အတည်ပြုခြင်း အမှတ် ၁၃-၁၅/၂၀၂၀။ | ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုခြင်း | ၁၃ |


## ဖွဲ့စည်းခြင်း


| | | |
| --- | --- | --- |
| ဖွဲ့စည်းခြင်း အမှတ် ၁-၁၅/၂၀၂၀။ | နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်း | ၁၄ |
| ဖွဲ့စည်းခြင်း အမှတ် ၂-၁၅/၂၀၂၀။ | ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်း | ၁၅ |


## မှတ်တမ်းတင်ခြင်း


| | | |
| --- | --- | --- |
| မှတ်တမ်းတင်ခြင်း အမှတ် ၁-၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၈ |
| မှတ်တမ်းတင်ခြင်း အမှတ် ၂-၁၅/၂၀၂၀။ | ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာ ပြုလွှာပေါ်တွင် လက်မှတ်ရေးထိုး ခြင်းကို မှတ်တမ်းတင်ခြင်း | ၁၈ |
| မှတ်တမ်းတင်ခြင်း အမှတ် ၃-၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၈ |
| မှတ်တမ်းတင်ခြင်း အမှတ် ၄-၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၉ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| မှတ်တမ်းတင်ခြင်း အမှတ် ၅-၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၉ |
| မှတ်တမ်းတင်ခြင်း အမှတ် ၆-၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၉ |
| မှတ်တမ်းတင်ခြင်း အမှတ် ၇-၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၂၀ |
| မှတ်တမ်းတင်ခြင်း အမှတ် ၈-၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၂၀ |
| မှတ်တမ်းတင်ခြင်း အမှတ် ၉-၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၂၀ |
| မှတ်တမ်းတင်ခြင်း အမှတ် ၁၀-၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၂၁ |
| မှတ်တမ်းတင်ခြင်း အမှတ် ၁၁-၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၂၁ |
| မှတ်တမ်းတင်ခြင်း အမှတ် ၁၂-၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၂၁ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| မှတ်တမ်းတင်ခြင်း အမှတ် ၁၃–၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၂၂ |
| မှတ်တမ်းတင်ခြင်း အမှတ် ၁၄–၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၂၂ |


## တင်ပြခြင်း


| | | |
|---|---|---|
| တင်ပြခြင်း အမှတ် ၁–၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ရေးရာကော်မတီ (၁၂)ခု၏ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ တင်ပြခြင်း | ၂၃ |
| တင်ပြခြင်း အမှတ် ၂–၁၅/၂၀၂၀။ | အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ၏ သက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်သို့ တင်ပြခြင်း | ၂၄ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားလွှတ်တော်

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်မှ ၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် (ခရစ်သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်)အထိ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးက အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်လိုက်သည်။

## ဆုံးဖြတ်ခြင်း

**ဆုံးဖြတ်ခြင်းအမှတ် ၁–၁၅/၂၀၂၀။** **ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့၌ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) တင်သွင်းသည့် ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်အမှတ် ၂-၁၅/၂၀၂၀။** **၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်ကြောင်း ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) တင်သွင်းသည့် ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်အမှတ် ၃-၁၅/၂၀၂၀။** **အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေး ချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့၌ အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၄-၁၅/၂၀၂၀။** **ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေး ချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့၌ ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၅-၁၅/၂၀၂၀။** **မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့၌ မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၆-၁၅/၂၀၂၀။** **ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်နှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့၌ ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်နှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၇-၁၅/၂၀၂၀။** **တရားလွှတ်တော် ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်နှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့၌ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်နှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၈-၁၅/၂၀၂၀။** **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဥ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့၌ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဥ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၉-၁၅/၂၀၂၀။** **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဥ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့၌ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဥ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၁၀-၁၅/၂၀၂၀။** **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့၌ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၁၁-၁၅/၂၀၂၀။** **မြန်မာနိုင်ငံတွင် နှစ်စဉ် ဓာတ်ဆီတန်ချိန် (၂)သန်းကျော်ကို ပြည်ပမှ တင်သွင်းခဲ့ရာ ယင်းဓာတ်ဆီနှင့် ရောသုံးသည့် အီသနောလောင်စာဆီကို ပြည်တွင်း၊ အရက်ချက်စက်ရုံများမှ ပြောင်း၊ ဆန်စသည့် ကုန်ကြမ်းများကို အခြေခံကာထုတ်လုပ်နိုင်ပြီး၊ ဘေးထွက်ပစ္စည်းများမှလည်း တိရစ္ဆာန်အစာများနှင့် ဇီဝဓာတ်ငွေ့၊ ဇီဝမြေသြဇာအဖြစ် အသုံးပြုနိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ (Trade deficit)ကို လျော့နည်းစေရန်အတွက် သဘာဝပတ်ဝန်းကျင်အထောက်အကူပြု၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သော အီသနော(ခေါ်) ရေမဲ့အရက်ကို သင့်တော်မည့် ရာခိုင်နှုန်းအချိုးအဆအား ဓာတ်ဆီဖြင့်**

**ရောနှောသုံးနိုင်ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့် အမိန့်ထုတ်ပြန်ပေးခြင်း (Mandate)ကို ပြည်ထောင်စုအစိုးရမှ အမြန်ဆုံးစီစဉ်ချမှတ် ဆောင်ရွက် သင့်ပါကြောင်း အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ် ခြင်း**

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း၂ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့၌ ဦးမောင်မောင်အုန်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ မြန်မာနိုင်ငံတွင် နှစ်စဉ်ခတ်ဆီတန်ချိန်(၂)သန်းကျော်ကို ပြည်ပမှတင်သွင်းခဲ့ရာ ယင်းခတ်ဆီနှင့်ရောသုံးသည့် အီသနောလောင်စာဆီကို ပြည်တွင်း၊ အရက်ချက်စက်ရုံများမှ ပြောင်း၊ ဆန် စသည့် ကုန်ကြမ်းများကို အခြေခံကာ ထုတ်လုပ်နိုင်ပြီး၊ ဘေးထွက်ပစ္စည်းများမှလည်း တိရစ္ဆာန်အစာများနှင့် ဇီဝခတ်ငွေ့၊ ဇီဝမြေဩဇာ အဖြစ် အသုံးပြုနိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ (Trade deficit)ကို လျော့နည်းစေရန်အတွက် သဘာဝပတ်ဝန်းကျင်အထောက်အကူပြု၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သော အီသနော(ခေါ်)ရေမဲ့အရက်ကို သင့်တော်မည့် ရာခိုင်နှုန်းအချိုးအဆအား ခတ်ဆီဖြင့် ရောနှောသုံးနိုင်ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်အမိန့် ထုတ်ပြန်ပေးခြင်း(Mandate)ကို ပြည်ထောင်စုအစိုးရမှ အမြန်ဆုံး စီစဉ်ချမှတ် ဆောင်ရွက်သင့်ပါကြောင်း အဆိုကို စက်ခလုတ် အသုံးပြု၍ လွှတ်တော်၏ ဆန္ဒရယူရာ ကန့်ကွက်သူများသဖြင့် အတည်မပြုကြောင်း ဆုံးဖြတ်သည်။

## အတည်ပြုခြင်း

**အတည်ပြုခြင်းအမှတ် ၁-၁၅/၂၀၂၀။** **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၃ အရ လွှတ်တော်၏ အဆုံးအဖြတ် ရယူ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၂-၁၅/၂၀၂၀။** **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၃ အရ လွှတ်တော်၏ အဆုံးအဖြတ် ရယူ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၃-၁၅/၂၀၂၀။** **အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီနှင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတို့တွင် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးဇဝန အစား ဗိုလ်မှူးချုပ်ဇော်မြင့်စန်း အား လည်းကောင်း၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးကောင်းကျော် အစား ဗိုလ်မှူးချုပ်နေမျိုးအောင် အား လည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၄-၁၅/၂၀၂၀။** **အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ လုပ်ပိုင်ခွင့် ဖြည့်စွက်ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသည့် တင်ပြချက်ကို အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့် ဖြည့်စွက်ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသည့် တင်ပြချက်ကို လွှတ်တော်က အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၅-၁၅/၂၀၂၀။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၃ အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၆-၁၅/၂၀၂၀။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၂ အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၇-၁၅/၂၀၂၀။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၂ အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၈-၁၅/၂၀၂၀။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများနှင့် စပ်လျဉ်း၍ အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၂ အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၉-၁၅/၂၀၂၀။ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေကြမ်းကို အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့၌ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ယာဉ်အန္တရာယ်

ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၆ အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၁၀-၁၅/၂၀၂၀။ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့၌ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၁၁-၁၅/၂၀၂၀။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားလွှတ်တော် ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၂ အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၁၂-၁၅/၂၀၂၀။ ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့၌ ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၁၃-၁၅/၂၀၂၀။ ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့၌ ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၉၂ အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

# ဖွဲ့စည်းခြင်း

**ဖွဲ့စည်းခြင်းအမှတ် ၁-၁၅/၂၀၂၀။** **နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီကို အဖွဲ့ဝင်(၁၄)ဦးဖြင့် အောက်ပါအတိုင်း အစားထိုး ပြင်ဆင် ဖွဲ့စည်းသည် -

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာသန်းဝင်း | မန္တလေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ထုမေ | ရခိုင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁၁) | အတွင်းရေးမှူး |
| ၃။ | ဦးဂျေယော၀ူ | ကချင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၄။ | ဦးခွန်သိန်းဖေ | ရှမ်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၉) | အဖွဲ့ဝင် |
| ၅။ | ဦးမောင်မောင်လတ် | စစ်ကိုင်းတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၉) | အဖွဲ့ဝင် |
| ၆။ | ဒေါ်နန်းမိုးမိုးထွေး | ကရင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၄) | အဖွဲ့ဝင် |
| ၇။ | ဦးဇော်ဟိန်း | တနင်္သာရီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၇) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၈။ | ဒေါက်တာဝင်းမြင့် | ပဲခူးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁၁) | အဖွဲ့ဝင် |
| ၉။ | ဦးချစ်ထွေး | မကွေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |
| ၁၀။ | ဦးရှန်အောရ် | ချင်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၁၁။ | ဒေါက်တာဦးကြွယ်ကြွယ် | မန္တလေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၆) | အဖွဲ့ဝင် |
| ၁၂။ | ဦးစိုင်းအုန်းကျော် | ရှမ်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၄) | အဖွဲ့ဝင် |
| ၁၃။ | ဦးနိုင်ကိုကို | ကချင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁၂) | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူးချုပ်ဇော်မြင့်စန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

**ဖွဲ့စည်းခြင်းအမှတ် ၂-၁၅/၂၀၂၀။ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် အောက်ပါအတိုင်း အစားထိုး ပြင်ဆင် ဖွဲ့စည်းသည် -

| | | | |
|---|---|---|---|
| ၁။ | ဦးလှမြင့်သန်း(ခ)<br>ဦးလှမြင့် | မွန်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁၀) | ဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| ၂။ | ဦးဝင်းကြိုင် | ပဲခူးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁၀) | အတွင်းရေးမှူး |
| ၃။ | ဦးဌေးဦး | ရန်ကုန်တိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| ၄။ | ဦးအေးဗိုလ် | ရန်ကုန်တိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁၁) | အဖွဲ့ဝင် |
| ၅။ | ဦးမင်းဆွေနိုင် | ကချင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၆) | အဖွဲ့ဝင် |
| ၆။ | ဦးဘော်ရယ်စိုးဝေ | ကယားပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |
| ၇။ | ဦးဝင်းအောင် | စစ်ကိုင်းတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |
| ၈။ | ဦးကျော်တုတ် | မန္တလေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၇) | အဖွဲ့ဝင် |
| ၉။ | ဦးပြုးလွင် | မကွေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁၂) | အဖွဲ့ဝင် |
| ၁၀။ | ဒေါ်နန်းနီနီအေး | ကရင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၆) | အဖွဲ့ဝင် |
| ၁၁။ | ဦးဝေစိန်အောင် | ရခိုင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ၁၂။ | ဦးခင်မျိုးဝင်း | တနင်္သာရီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁၂) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၁၃။ | ဦးလှဦး | စစ်ကိုင်းတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၄) | အဖွဲ့ဝင် |
| ၁၄။ | ဦးထိန်ဝင်း | ဧရာဝတီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၄) | အဖွဲ့ဝင် |
| ၁၅။ | ဗိုလ်မှူးချုပ်နေမျိုးအောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

# မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ၁-၁၅/၂၀၂၀။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၂၂၃) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၂-၁၅/၂၀၂၀။ ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ကတိသစ္စာမပြုရသေးသော တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအဖြစ် ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၃-၁၅/၂၀၂၀။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့၌

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၂၂၃) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၄-၁၅/၂၀၂၀။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၂၂၃) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၄) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၅-၁၅/၂၀၂၀။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၂၂၃) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၆-၁၅/၂၀၂၀။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့၌

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၂၂၃) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၇-၁၅/၂၀၂၀။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၂၂၃) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၈-၁၅/၂၀၂၀။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး သတ္တမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၂၂၃) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၄) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၉-၁၅/၂၀၂၀။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့၌

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၂၂၃) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၁) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၀-၁၅/၂၀၂၀။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၂၂၃) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၁-၁၅/၂၀၂၀။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၂၂၃) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၂-၁၅/၂၀၂၀။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(၁၁)ရက်မြောက်နေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၂၂၃) ဦး ရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၃-၁၅/၂၀၂၀။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၂၂၃) ဦး ရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၄-၁၅/၂၀၂၀။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၂၂၃)ဦး ရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

# တင်ပြခြင်း

**တင်ပြခြင်းအမှတ် ၁-၁၅/၂၀၂၀။** **အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ရေးရာကော်မတီ(၁၂)ခု၏ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ တင်ပြခြင်း**

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့၌ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ရေးရာကော်မတီ (၁၂)ခု၏ သက်တမ်းသည် တစ်နှစ်ပြည့်မြောက်ပြီးဖြစ်သဖြင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၇ အရ နောက်ထပ်သက်တမ်း တစ်နှစ်တိုးမြှင့် သတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

**တင်ပြခြင်းအမှတ် ၂-၁၅/၂၀၂၀။** **အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၏ သက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်သို့ တင်ပြခြင်း**

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့၌ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၏ သက်တမ်းသည် တစ်နှစ် ပြည့်မြောက်ပြီးဖြစ်သဖြင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၇ အရ နောက်ထပ်သက်တမ်း တစ်နှစ်တိုးမြှင့် သတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ရက်